ဤနေ့ရက်များ(ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်)၌

ကောင်းမှုပြုလုပ်ခြင်းအား အခြားသောနေ့ရက်များတွင်ကောင်းမှုပြုလုပ်ခြင်းထက် အလ္လာဟ်အရှင်မြတ်သည်

ပို၍နှစ်သက်တော်မူသည်။

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ဤနေ့ရက်များ(ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်)၌ ကောင်းမှုပြုလုပ်ခြင်းအား
အခြားသောနေ့ရက်များတွင် ကောင်းမှုပြုလုပ်ခြင်းထက် အလ္လာဟ်အရှင်မြတ်သည်
ပို၍နှစ်သက်တော်မူသည်။ သာဝကကြီးများက အို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်
အရှင်မြတ်လမ်းတော်၌ ဂျိဟာဒ်လုပ်ခြင်းကို ပို၍နှစ်သက်သည် မဟုတ်လောဟု
လျှောက်ထားခဲ့ကြရာ ကိုယ်တော်က မိန့်ကြားသည်မှာ အရှင်မြတ်၏လမ်းတော်၌ဂျိဟာဒ်လုပ်ခြင်းကိုလည်း(ထိုရက်များ၏ ကောင်းမှုထက်) ပို၍မနှစ်သက်ပေ။ သို့သော်
မိမိ၏အသက်ဇီဝိန်၊ ဥစ္စာပစ္စည်းတို့နှင့်တကွ ဂျိဟာဒ်ပြုရန်ထွက်သွားပြီး
၎င်းအရာများကို ပြန်မယူလာသည့် ပုဂ္ဂိုလ်သာလျှင် ပို၍နှစ်သက်ခြင်းခံရမည်ဖြစ်သည်။ [صحيح] [رواه البخاري وأبو داود، واللفظ له]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ဇွလ်ဟဂ်ျလ၏ပထမဆယ်ရက်၌ ကောင်းမှုပြုလုပ်ခြင်းသည် တစ်နှစ်တာ၏အခြား‌နေ့ရက်များတွင်ကောင်းမှုပြုလုပ်ခြင်းထက် သာပိုမွန်မြတ်သည်။ သာဝကကြီးများက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဤဆယ်ရက်မှလွဲ၍ အခြားသောနေရက်များတွင်ဂျိဟာဒ်လုပ်ခြင်းက ပို၍မွန်မြတ်ပါသလား သို့မဟုတ် ဤနေ့ရက်များတွင်ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းက ပို၍မွန်မြတ်ပါသလားဟု လျှောက်ထားမေးမြန်းခဲ့ကြသည်။ဤသို့မေးရခြင်းမှာ ဂျိဟာဒ်သည် အမွန်မြတ်ဆုံး အမလ်ကောင်းမှုဖြစ်ကြောင်း သာဝကကြီးများလက်ခံထားကြသည့်အတွက်ဖြစ်သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကဖြေကြားတော်မူသည်မှာ ဇွလ်ဟဂ်ျလ၏ ပထမဆယ်ရက်၌ပြုလုပ်သည့် ကောင်းမှုသည်အခြားသောနေ့ရက်များတွင် ဂျိဟာဒ်ပြုခြင်းထက် ပို၍သာမြတ်သည်။ သို့သော် လူတစ်ဦးသည်မိမိ၏အသက်ဇီဝိန်၊ ဥစ္စာပစ္စည်းတို့နှင့်တကွ ဂျိဟာဒ်ပြုရန် မုဂျာဟိဒ်တစ်ဦးအဖြင့်စွန်လွှတ်စွန့်စားကာထွက်ခွာသွားပြီး အလ္လာဟ့်လမ်းတော်တွင် မိမိ၏ဥစ္စာပစ္စည်းများဆုံးရှုံးသွားကာ မိမိအသက်ကိုလည်း ပေးအပ်လိုက်ခဲ့လျှင် ထိုသူသာလျှင်ထိုမွန်မြတ်သည့်ရက်များ၌ အမလ်ကောင်းမှုပြုလုပ်ခြင်းထက် ပို၍မွန်မြတ်မည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/6255


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee